## Message Four

# ဘုရားသခင်၏နက်နဲခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်ကို ကောင်းသောအရာများအားလုံး၏ စစ်မှန်ခြင်းအဖြစ် သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

# Knowing and Experiencing the All-inclusive, Extensive Christ as the Mystery of God

ဖတ်ရန်ကျမ်း။ ကော၊ ၂း၁၆–၁၇က၊ ယော၊ ၁၄း၆က၊ ၁၇။ ၁ယော၊ ၅း၆။ ယော၊ ၁၆း၁၃။

**I. "ထို့ကြောင့် စားသောက်ခြင်းအမှု၌ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြော မစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား၊ ခရစ်တော်၏ အရာဖြစ်၏။ သင်တို့၏ဆုနှင့် မထိုက်တန်ဟု သင်တို့အား စီရင်ခြင်းအားဖြင့် မလုယူစေနှင့်" ကော၊ ၁၂း၁၆–၁၇က။**

က။ လူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ ကိုယ်ခန္ဓာကဲ့သို့၊ ၂း၁၇၌ရှိသော ကိုယ်ခန္ဓာသည် ဒြပ်ကိုယ်ထည်ဖြစ်သည်။ လူတစ်ဦး၏ အရိပ်ကဲ့သို့ တရား၌ရှိသော ရိုးရာဓလေ့သည်လည်း ဧဝံဂေလိတရား၏ စစ်မှန်ခြင်းနှင့် ဒြပ်ကိုယ်ထည်ဖြစ်သည့် ခရစ်တော်၏ ပုံရိပ်သာဖြစ်သည်။ ကောလောသဲသည် ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟိုအဖြစ် ထိုကဲ့သို့သော အရာအားလုံးပါဝင်သည့် ခရစ်တော်ကို ဖွင့်ပြထားသည် – ၁း၁၇က။ ၁၈က။ ၃း၁၁။

ခ။ နေ့စဉ်တိုင်း၊ အပတ်စဉ်တိုင်း၊ လစဉ်တိုင်းနှင့် နှစ်စဉ်တိုင်း ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကောင်းသောအရာ အားလုံး၏ စစ်မှန်ခြင်း ဖြစ်လိမ့်မည် ဖြစ်သည်။ ထိုအရာအားလုံးတို့မှာ အရာအားလုံးပါဝင်သော ခရစ်တော်၏ စကြာဝဠာလုံးဆိုင်ရာ ကျယ်ပြန့်ခြင်းကို ဖော်ညွှန်းနေခြင်း ဖြစ်သည်။

၁။ နေ့စဉ်တိုင်း ခရစ်တော်သည် ကျွန်ုပ်တို့၏ ကျေနပ်နှစ်သိမ့်ရာနှင့် ခွန်အားအတွက် ကျွန်ုပ်တို့၏ အစားအစာနှင့် သောက်စရာ ဖြစ်သည် – ၁ကော၊၁၀း၃–၄။

၂။ အပတ်စဉ်တိုင်း ခရစ်တော်သည် ကျွန်ုပ်တို့၏ ပြည့်စုံခြင်းနှင့် ကိုယ်တော်၌ နားခိုခြင်းအတွက် ကျွန်ုပ်တို့၏ ဥပုသ်ဖြစ်သည် – မ၊ ၁၁း၂၈–၂၉။

၃။ လစဉ်တိုင်း ခရစ်တော်သည် မှောင်မိုက်၌ရှိသော အလင်းနှင့်အတူ အသစ်သောအစပြုခြင်းတည်းဟူသော ကျွန်ုပ်တို့၏ လဆန်း ဖြစ်သည် – ယော၊ ၁း၅။ ၈း၁၂။

ဂ။ အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သောခရစ်တော်၊ ဆွဲဆောင်မှု အပြည့်ရှိသော၊ ပင်ကိုယ်ညို့ဓာတ်နှင့်ပြည့်နှက်နေသော အရှင်သည် သမ္မာကျမ်းစာ၏ အနှစ်သာရဖြစ်သည် – လု၊ ၂၄း၄၄။ ယော၊ ၅း၃၉–၄၀။ မ၊ ၁း၁။ ဗျာ၊ ၂၂း ၂၁။

ဃ။ စကားစပ်အရ ကောလောသဲ၊ ၂း၁၈၌ရှိသော "ဆု"မှာ ပုံရိပ်များ၏ ဒြပ်ကိုယ်ထည်တည်းဟူသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုကို လုယူခံရခြင်းမှာ ခရစ်တော်ကို အတွင်းကျကျ မွေ့လျော်ဝမ်းမြောက်ကို လုယူခံရခြင်း ဖြစ်သည် – ဒွန်း၊ က၊ ၁၅း၁။ ဖိ၊ ၃း၈။

င။ ကျွန်ုပ်တို့၏ လိုအပ်မှုမှာ အတွင်းကျသော ခရစ်တော်သည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာဖွင့်ပြခြင်းကို ပြည့်စုံစေရန် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်လာရန် ဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းလိုအပ်နေပါက၊ ဘုရားသခင်၏ ဖွင့်ပြခြင်းနှင့်စပ်လျဉ်း၍လည်း လိုအပ်နေခြင်း ဖြစ်သည် – ကော၊ ၁း ၂၅–၂၇။

စ။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့လုပ်ဆောင်သောအရာရာတိုင်းသည် ထိုအရာ၏ စစ်မှန်ခြင်းတည်းဟူသော ခရစ်တော်ကို ကျွန်ုပ်တို့အား သတိရစေသောအရာဖြစ်ရမည်။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ၌ ရုပ်ပိုင်းဆိုင်ရာအရာများအားလုံး၏ စစ်မှန်ခြင်းတည်းဟူသော ခရစ်တော်ကို ယူဆောင်ခြင်းဖြစ်သောလေ့ကျင့်လုပ်ဆောင်ခြင်းရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ နေ့စဉ်လျှောက်လှမ်းခြင်းသည် လုံးဝဥဿုံပြောင်းလဲခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိလာလိမ့်မည်။ ထိုအခါ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ပြည့်ဝလာမည် ဖြစ်သည် – ၂ကော၊၄း၁၆။ ဖိ၊ ၁း၁၉–၂၁က။

ဆ။ ကျွန်ုပ်တို့၏ လိုအပ်မှုများအားလုံး၏ စစ်မှန်ခြင်းအဖြစ် ကျွန်ုပ်တို့သည် ခရစ်တော်ကို တစ်နေ့ပြီးတစ်နေ့ ဝမ်းမြောက်နေရမည် ဖြစ်သည်။

၁။ ခရစ်တော်သည် ကျွန်ုပ်တို့၏ လေ ဖြစ်သည် – ယော၊ ၂၀း ၂၂။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏ သောက်စရာ ဖြစ်သည် – ၄း၁၀၊ ၁၄။ ၇း၃၇–၃၉က။

၃။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အစားအစာ ဖြစ်သည် – ၆း၃၅၊ ၅၇။

၄။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အလင်း ဖြစ်သည် – ၁း၄။ ၈း၁၂။

၅။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝတ်ဆင်စရာ ဖြစ်သည် – ဂလ၊ ၃း ၂၇။

၆။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိန်းဝပ်နေထိုင်ရာ နေရာ ဖြစ်သည် – ယော၊ ၁၅း၅၊ ၇က။

**II. အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်သည် စကြာဝဠာ၌ ကောင်းသောအရာများအားလုံး၏ စစ်မှန်ခြင်းဖြစ်သည် – ညွန်း၊ ရော၊ ၁း၂၀။ ဧ၊ ၃း၁၈။ သီချင်း၊ မြန်မာ၊ ၂၈၈။ အင်္ဂလိပ်၊ ၄၉၆။**

က။ ၎င်း၌ သိန်းချီသော အရာများနှင့် လူများနှင့်အတူ စကြာဝဠာသည် ခရစ်တော်ကို ထုတ်ဖော်ပြောဆိုရာ အကြံအစည်အတွက် ဖန်းဆင်းခဲ့ခြင်းဖြစ်သည်။ သူ့တပည့်တော်များထံသို့ ကိုယ်တော်တိုင်ကို ဖွင့်ပြရာတွင် ကိုယ်တော်သည် သူကိုယ်တော်တိုင်ကို ပုံဆောင်ခြင်းအဖြစ် အစေခံရန် မည့်သည့်ပတ်ဝန်းကျင် အခြေအနေတွင်မဆို တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ဦးကို လွယ်ကူစွာ ရှာတွေ့နိုင်သည် – ကော၊၁း၁၅–၁၇။ ယော၊ ၁း၅၁။ ၁၀း၉–၁၁။ ၁၂း၂၄။ မ၊ ၁၂း၄၁–၄၂။

ခ။ ဓမ္မဟောင်း၌ ခရစ်တော်ကို ပုံဆောင်ချက်အဖြစ် အဓိက အမျိုးအစား ခြောက်မျိုးကို အသုံးပြုထားသည်– လူသားဖြစ်ခြင်းများ၊ တိရစ္ဆာန်များ၊ အပင်များ၊ သတ္တုများ၊ ပူဇော်သက္ကာများနှင့် အစားအစာ တို့ဖြစ်သည်။

၁။ ခရစ်တော်ကို ပုံဆောင်သော လူသားဖြစ်ခြင်းတို့မှာ အာဒံ(ရော၊ ၅း၁၄)၊ မေလခိဇေဒက် (ဟေဗြဲ၊ ၇း၁)၊ ဣဇက် (မ၊၁း၁) ယောန (၁၂း၄၁)နှင့် ရှောလမုန် (အငယ်၊ ၄၂)။

၂။ ခရစ်တော်ကို ပုံဆောင်သော တိရစ္ဆာန်တို့မှာ သိုးသငယ်(ယော၊၁း ၂၉)၊ ခြင်္သေ့၊ နွားထီး၊ လင်းယုန် (ယေဇ၊ ၁း၁၀)နှင့် ဂဇဲဆိတ် (သီ၊ ၂း၉)။

၃။ ခရစ်တော်ကို ပုံဆောင်သော အပင်များ(အသက်ပင်ဖြစ်သောအရှင်– က၊ ၂း၉)မှာ စပျစ်ပင် (ယော၊ ၁၅း၁)၊ ပန်းသီးပင် (သီ၊ ၂း၃)၊ သဖန်းပင်၊ တလည်ပင်နှင့် သံလွင်ပင် (တရား၊ ၈း၈)၊ အပင်၏ အမျိုးမျိုးသောအပိုင်းသည်လည်း ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည်။ ၎င်းတို့မှာ အမြစ်၊ အငုတ်၊ အညှောက်၊ အတက်၊ အခက်နှင့် အသီး တို့ဖြစ်သည် (ဟေရှာယ၊ ၁၁း၁၊ ၁၀။ ၄း ၂။ လု၊ ၁း၄၂။ ဗျာ၊ ၅း၅)။

၄။ ခရစ်တော်ကို ပုံဆောင်သော သတ္တုများမှာ ရွှေ၊ ငွေ၊ ကြေးနီနှင့် သံ (တရား၊ ၈း၊ ၁၃)နှင့် ကျောက်အမျိုးမျိုးဖြစ်သော အသက်ကျောက် (၁ပေ၊၂း၄)၊ ကျောက်ဆောင် (၁ကော၊ ၁၀း၄)၊ တိုက်ထောင့်ကျောက် (မ၊ ၂၁း၂၄)၊ အထွတ်ကျောက် (ဇာ၊ ၄း၇)၊ တိုက်အမြစ်ကျောက် နှင့် အဖိုးတန်ကျောက် (၁ကော၊ ၃း၁၁–၁၂)။

၅။ ခရစ်တော်ကို ပုံဆောင်သော ပူဇော်သက္ကာများ အပြစ်ဖြေရာပူဇော်သက္ကာ၊ လွန်ကျူးရာပူဇော်သက္ကာ၊ မီးရှို့ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာ၊ သင့်တင့်ရာ ပူဇော်သက္ကာ၊ ချီလွှဲရာပူဇော်သက္ကာ၊ ချီမြှောက်ရာ ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာတို့ဖြစ်သည် – ဝတ်၊ အခန်း ၁–၇။ ထွ၊ ၂၉း၂၆–၂၈။ စာရင်း၊ ၂၈း၇–၁၀။ ညွန်း၊ ယော၊ ၄း၂၄။

၆။ ခရစ်တော်ကို ပုံဆောင်သော အစားအစာများမှာ မုန့်များ၊ ဂျုံစပါးများ၊ မုယောစပါးများ၊ စပျစ်သီးများ၊ သဖန်းသီးများ၊ တလည်းသီးများ၊ သံလွင်သီးများ၊ နို့နှင့် ပျားရည် – ၆း၃၅။ တရား၊ ၈း၈–၉။ ၂၆း၉။

ဂ။ ဓမ္မသစ်၌ ခရစ်တော်သည် ကိုယ်တော်ဖြစ်သော အရာများအားလုံး၏ ခြေရာခံမရနိုင်သော ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့အဖို့ စစ်မှန်စေသောအရှင် စစ်မှန်ခြင်း၏ဝိညာဉ်တော် ဖြစ်သည် – ယော၊ ၁၄း၆က။ ၁ယော၊ ၅း၆။ ယော၊ ၁၄း၁၇။ ၁၆း၁၃။

ဃ။ ပုံဆောင်ချက်များအားလုံး၏ စစ်မှန်ခြင်း၏ဒြပ်သဘာဝများသည် ထိုဝိညာဉ်တော်၌ရှိသည်။ ထိုဝိညာဉ်တော်သည် ဤကြွယ်ဝခြင်းများအားလုံးကို သခင်ဘုရား၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေးပြီး၊ ဝေငှဖြန့်ဖြူးပေးသည် – ဖိ၊ ၁း၁၉။ ယော၊ ၆း၆၃။ ကော၊ ၃း၁၆။ ဧ၊ ၆း၁၇–၁၈။ ဗျာ၊ ၂း၇။

**III. ကောင်းသောအရာများအားလုံး၏ စစ်မှန်ခြင်းဖြစ်သောအရှင် ထိုခရစ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းဖြစ်သောအရှင် ဖြစ်သည်။ ထို့ကြောင့် ဦးခေါင်းတော်ကို စွဲကိုင်ရန်မှာ ကောင်းသောအရာများအားလုံး၏ စစ်မှန်ခြင်းတည်းဟူသော ခရစ်တော်ကို ဝမ်းမြောက်ရန် ဖြစ်သည် – ကော၊၂း၁၉။**

က။ ကျွန်ုပ်တို့၏ အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့မွေ့လျော်သော ခရစ်တော်သည် ကိုယ်ခန္ဓာ၏ဦးခေါင်းတော်ဖြစ်သောကြောင့်၊ ကိုယ်တော့်ကို ဝမ်းမြောက်လေလေ၊ ကိုယ်ခန္ဓာ၏ အာရုံခံစားမှုပို၍ရှိလာလေလေဖြစ်သည်။

၁။ ဤသည်မှာ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် တစ်သီးပုဂ္ဂလဆိုင်ရာအကြောင်းအရာမဟုတ်ဘဲ၊ ခန္ဓာတော် အကြောင်းအရာဖြစ်သည်ကို ဖော်ပြသည် – ညွန်း၊ ဧ၊၃း၈။ ၄း၁၅–၁၆။

၂။ ခရစ်တော်ကို ကျွန်ုပ်တို့ ဝမ်းမြောက်လေလေ၊ ကိုယ်ခန္ဓာတော်၏ အခြားသော အင်္ဂါများကို ပို၍ချစ်လာလေလေဖြစ်သည် – ကော၊၁း၄၊ ၈။

ခ။ ခရစ်တော်၏ ဦးခေါင်းအရာသည် ရှင်ပြန်ထမြောက်ခြင်း၌ဖြစ်သောကြောင့်( အငယ်၊ ၁၈)၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည်လည်း အလိုအလျောက်ပင် ကျွန်ုပ်တို့အား ရှင်ပြန်ထမြောက်ခြင်းသို့ ခေါ်ဆောင်ပေးပြီး၊ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းမှ ကယ်တင်ပေးသည်။

ဂ။ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့အား တက်ကြွခြင်း၌ ကောင်းကင်များသို့ခေါ်ဆောင်ပေးသည်။ ခရစ်တော်ကို ဦးခေါင်းတော်အဖြစ်၊ ကျွန်ုပ်တို့ ဝိညာဉ်၌ရှိသော ဝိညာဉ်တော်အဖြစ် ဝမ်းမြောက်ခြင်းရှိမှသာလျှင် ကျွန်ုပ်တို့သည်

အတွေ့အကြုံဆိုင်ရာ ကောင်းကင်များ၌ရှိနိုင်မည် ဖြစ်သည် – ၃း၁–၂။ ၂ကော၊ ၃း၁၇။ ၂တိ၊ ၄း၂၂။ ရော၊ ၈း၁၀၊ ၃၄။

ဃ။ ခရစ်တော်ကို ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်းနှင့် ဦးခေါင်းတော်အဖြစ် ကိုယ်တော့်ကို စွဲကိုင်သောအခါ ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်၏ ကြွယ်ဝခြင်းများကို စုပ်ယူခြင်းဖြစ်သည်။ ဤကြွယ်ဝခြင်းများ သည် ဘုရားသခင်၏ တိုးပွားခြင်းဖြစ်လာပြီး၊ ထိုသို့ဖြင့် ကိုယ်ခန္ဓာသည် ၎င်း၏တည်ဆောက်ခြင်းအတွက် ကြီးထွားခြင်း ရှိလာမည် ဖြစ်သည် – ကော၊ ၂း၁၉၊ ၆–၇။ ဧ၊ ၄း၁၆။

© 2019 Living Stream Ministry